## ကာမပိုင်များပြီး ပြုမိရင်

အရှင်ကေလာသ
အောက်တိုဘာ ၇၊ ၂၀၁၅။
-------------------

ဆရာတော် အရှင်ဘုရား၊ တပည့်တော် သူငယ်ချင်းရဲ့ ညီမသည် ခင်ပွန်းနဲ့ စကားများပြီး အစ်မဖြစ်သူ (တပည့်တော်ရဲ့ သူငယ်ချင်း)အိမ်မှာ လာအိပ်ပါသည်။ ထိုနေ့က သူငယ်ချင်းမှာ အနီးက အလှူအိမ်ကို သွား ကူရသဖြင့် ညီမဖြစ်သူမှာ သူ့ခဲအို တစ်ညလုံး အလုပ်မှာ ရှိမည်ထင်ပြီး အစ်မ အိပ်ရာမှာ အိပ်ပါသည်။ ထို ညက သူငယ်ချင်းမရဲ့ ခင်ပွန်းမှာ မထင်မှတ်ဘဲ ညသန်းခေါင်လောက် အလုပ်မှ အိမ်ကို ပြန်လာပြီး ခယ်မ ရောက်နေမှန်း မသိဘဲ ခြင်ထောင်ထဲ ဝင်အိပ်မိသဖြင့် (နားနဲ့မနာ ဖဝါးနဲ့နာပါ ဘုရား) သူတို့ အကြင် လင် မယားကဲ့သို့ ပြုမူဖြစ်သွားပါသည်။ ထို ကဲ့သို့ မမျှော်လင့်ဘဲ ပြုမူမိခြင်းအတွက် သူတို့ နှစ်ဦးမှာ ကာမေသု မိစ္ဆာစာရကံ မြောက်ပါသလား ဘုရား။

မြသန်းကြည် (အကြီးစားစက်မှု အိမ်ရာဝင်း)
-----------------------------

### အင်္ဂါ ၄-ရပ်

ကာမေသုမိစ္ဆာစာရမှုနဲ့ ပတ်သက်ပြီး ကံမြောက်မမြောက် မိမိ ဘာသာ ဆင်ခြင်နိုင်အောင် အင်္ဂါလေးချက်ကို အကျဉ်းမျှ ပြန်ပြီး ဖော်ပြပါမယ် .. '၁) မသွားလာကောင်းသည့် အမျိုးသမီး သို့မဟုတ် အမျိုးသား ဖြစ်ခြင်း (အဋ္ဌကထာ ဆိုလိုချက် ကာမပိုင်ရှိသူ ဖြစ် ခြင်း)၊ ၂) ယင်းတို့၌ မှီဝဲလိုစိတ်ရှိခြင်း၊ ၃) မှီဝဲရန် လုံ့လပြုခြင်း၊ ၄) မဂ်ချင်း ထိတွေ့မှုကို သာယာခြင်းဟု ကာမေသုမိစ္ဆာစာရကံ မြောက်ရန် အကြောင်း လေးချက်ရှိ၏ (မ-ဋ္ဌ ၁၊ ၂၀၃။ အ ဘိ-ဋ္ဌ ၂၊ ၃၈၅။ ပဋိသံ-ဋ္ဌ ၁၊ ၂၀၄)'။

### အဋ္ဌကထာဖွင့်

'များသောအားဖြင့် အမျိုးသမီးမှာ မှီဝဲမှုလုံ့လ မရှိသောကြောင့် (ပြုခံရသူ အမျိုးသမီး) မှီဝဲလိုစိတ်ရှိမှု လုံ့လ မပြုခြင်းမှာ ပမာဏ မဟုတ် (လုံ့လ မပြုသော်လည်း မိစ္ဆာစာရ မြောက်၏)။ ထို့ကြောင့် အလိုတူ ကျူးလွန် ရာမှာ အမှတ် ၃ မပါဘဲ အင်္ဂါသုံးရပ်၊ အလို မတူရာမှာ အမှတ် ၂ မပါဘဲ အင်္ဂါ ၃ ရပ်၊ တူရာပေါင်း အင်္ဂါ ၄ ရပ်ဟု မှတ်ရမည် (မ-ဋီ ၁၊ ၃၀၂ .. စသည်)'။

အဘိဓမ္မာ အနုဋီကာ (၁၊ ၈၉)က ဖော်ပြပါ ဋီကာဆရာ တွေရဲ့ အဆိုကို မနှစ်သက်တာ တွေ့ရတယ် 'အမျိုးသားများကို ရည်ညွှန်းပြီး အများဆုံး အင်္ဂါလေးရပ်ဟု ဆိုခြင်း ဖြစ်၏။ သို့မဟုတ်ပါက မိန်းမက ယော က်ျား ကိစ္စကို ပြုသောအခါ ယောက်ျားက လုံ့လ မပြုသောကြောင့် မိစ္ဆာစာရ မဖြစ်ဟု အဋ္ဌကထာ သက် ရောက်သွားမည်'။

### အပြစ်ပေါ့လေး

အလိုမတူဘဲ နိုင်ထက်စီးနင်း ကျူးလွန်ရင် မိစ္ဆာစာရမှု ပိုအပြစ် ကြီးတယ်။ သို့မဟုတ်ရင် နှစ်ဦး ဆန္ဒတူ နေလို့ အပြစ်မကြီး။ နိုင်ထက် စီးနင်းပြုရာမှာ အပြုခံရသူဟာ နောက်ဆုံးအဆင့် မဂ်အချင်းချင်း ထိတွေ့မှုကို သာယာပေမယ့် မတိုင်ခင်က လုံ့လမပြုခဲ့လို့ မိစ္ဆာစာရကံ မမြောက်ဘူးလို့ ဆိုကြကြောင်းလည်း အဲဒီ ဋီကာ

ဋီကာကျမ်းတွေမှာ မှတ်သားစရာ ဖော်ပြတာကို တွေ့ရတယ်။ လူမှုရေး ကိုယ်ကျင့် တရားဖြစ်လို့ ကျမ်းမြတ်တွေမှာ ဆုံးဖြတ်ချက်အချို့ မတူကြဘူးလို့ ယူဆရတယ်။

**ဝါဒနှစ်မျိုး**

ဒီနေရာမှာ မေးခွန်းနဲ့ ပတ်သက်နိုင်တဲ့ ဒုတိယ ဝိသုဒ္ဓါရုံဆရာတော် ဒီပဲရင်းဆရာတော် ဘုရားကြီးရဲ့ အဆုံးအဖြတ်ကို ဦးစွာ လေ့လာသင့်တယ် ..

'ညဥ့်မိုက်သည့်အတွက် သူ့မယားကို မိမိမယား ထင်မှတ်၍ မှီဝဲသော ယောကျ်ား၊ မိမိလင် ထင်မှတ်၍ သည်းခံသာယာသော မန်းမတို့မှာ ကာမေသု မိစ္ဆာစာရကံ ထိုက်သည်ဟူ၍ ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြကုန်၏။

ငါတို့ကား သွားလာရိုး မဟုတ်သည်ကို လွန်းကျူး၍ ကျင့်လိုသော စိတ်ယုတ် စိတ်ညစ် မရှိသောကြောင့်လည်းကောင်း၊ ထိုသို့သော အရာ၌ သောတာပန် ပုဂ္ဂိုလ်တို့သော်လည်း လွတ်နိုင်ဖွယ် မရှိသောကြောင့် လည်းကောင်း၊ ကမ္မပထအရာ၌ ကေန္တ ပဋိသန္ဓေကျိုးကို ပေးနိုင်လောက်သော အားသန်သော ကံအထူးကိုသာ ရွေးချယ်၍ ဟောတော်မူသောကြောင့် လည်းကောင်း၊ အဋ္ဌကထာ၌ ''သေဝနစိတ္တံ (မှီဝဲလိုသော စိတ်ရှိခြင်း)''ဟု သာမည မဆိုဘဲ ''တသ္မိံ သေဝနစိတ္တံ (ထိုကာမပိုင် ရှိသူ၌ မှီဝဲလိုစိတ် ရှိခြင်း''ဟု အထူးဆိုသောကြောင့် လည်းကောင်း ကမ္မပထ မမြောက်ဟု အယူရှိသည် (ပရမတ္ထစက္ခုကျမ်း၊ စာ–၂၁၁)'။

**သုံးသပ်ချက်**

ဆရာမြတ်တို့ရဲ့ ဆုံးဖြတ်ချက်မှာ အမှတ် (၁) အင်္ဂါရပ်နဲ့ ပတ်သက်ပြီး ကာယကံရှင်ရဲ့ သိခြင်း မသိခြင်း ဆိုတဲ့ အချက်ကို သုံးသပ်မှု မရှိဘူးလို့ ဘုန်းကြီး ထင်တယ်။ ကိုယ်ပိုင်တဲ့ ကာမ မဟုတ်မှန်း သိမှ မသိခဲ့ဘဲ။ ပိုးကောင်လေးတွေ သေတဲ့အထိ နင်းမိတဲ့ မျက်မမြင် ရဟန္တာကြီး စက္ခုပါလထေရ်ကို အာပတ် မသင့်ကြောင်း မြတ်ဗုဒ္ဓ မိန့်တော်မူတာကို ထောက်ရင် ဘုန်းကြီးအနေနဲ့ ဒီပဲရင်း ဆရာတော်ဘုရားရဲ့ ဆုံးဖြတ်ချက်ကို ယုတ္တိ ပိုရှိတယ်လို့ ယူဆတယ်။

**အဖြေ**

အထက်ပါ ယူဆပုံကို မှီပြီး မေးခွန်းကို ဖြေရရင် .. ယောကျ်ားအနေနဲ့ သူ့ဇနီးလို့ပဲ စိတ်ချလက်ချ ယုံကြည်နေခဲ့မှာ ဖြစ်လို့ ဒီပဲရင်း အလိုအရ ကံမမြောက်ဘူး။ အမျိုးသမီးအနေနဲ့ အိပ် မောကျနေခဲ့ရင် နိကာယ် ဋီကာတွေမှာ ဆိုသလို နောက်ဆုံးအဆင့် မဂ်ချင်း ထိတွေ့မှုကို သာယာရင်တောင် ယင်းမတိုင်ခင်က လုံ့လ မပြုခဲ့လို့ ကံမမြောက်ဘူးလို့ ဆိုနိုင်တယ်။

အမျိုးသမီးမှာ နိုးနေသေးလို့ အစ်မရဲ့ ယောကျ်ား ခြင်ထောင်ထဲ ဝင်လာချိန် သိလျက် ငြိမ်နေခဲ့ရင် ကံမြောက်တယ်။ မတိုင်ခင် အဆင့်မှာ အမျိုးသမီးဟာ မိမိပိုင်ဆိုင်သူ မဟုတ်မှန်း သိသွားပြီး အမှတ်တကယ် ငြင်းဆန် သို့မဟုတ် သတိပေးပါလျက် ယောကျ်ားက မထိန်းနိုင်လို့ အတင်းအကြပ် ပြုတာကို မိန်းမက မကျော်လွှားလိုက်နိုင်ရင် ယောကျ်ား ကံမြောက်ပြီး မိန်းမ ကံမမြောက်ဘူး။ ရှောင်နိုင်သေးတဲ့ အခြေအနေမှာ စိတ်အလိုလိုက်ပြီး နှစ်ဦးလုံး အလိုတူ အလိုပါ ဖြစ်သွားခဲ့ရင် နှစ်ယောက်လုံး ကံမြောက်တယ်။

**သင်ခန်းစာ**

သူတို့ လင်မယား အိပ်တဲ့ အိပ်ရာမှာ 'ညီအစ်ကို၊ မောင်နှမ၊ ညီအစ်မ၊ သားအဖ၊ သားအမိ'တွေပင် ဖြစ်ပေမယ့် အရွယ်ရောက်သူ တစ်ယောက် အနေနဲ့ အခြေအနေ မသေချာဘဲ အဖော်မရှိဘဲ စောင်ခြုံပြီး ဝင်မခွေသင့်ကြောင်း သင်းခန်းစာ ယူစရာပါ။ ❒

(ကာမေသုမိစ္ဆာစာရအဖွင့် ခေါင်းစဉ်နဲ့ ဓမ္မအမေးအဖြေ အမှတ်–၁၁၈၊ စာ–၄၃၄ ကိုလည်း လေ့လာသင့်ပါတယ်။)